**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**ငွေရေးကြေးရေးကြပ်မတ်ကွပ်ကဲမှုဌာန**
**ရန်ကုန်မြို့**


တယ်လီဖုန်းနံပါတ် - ၅၄၃၇၆၄/၅၄၃၇၅၁
ဖက်(စ်)နံပါတ် - ၅၄၃၇၄၃
စာတိုက်သေတ္တာအမှတ် - ၁၈၄

အမှတ်၂၆(က)၊ စက်မှုလမ်း၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။


စာအမှတ်၊ အက်ဖ်အီး - ၁၀ / ၃၆၅
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်

သို့

-------------------------------
-------------------------------
-------------------------------

အကြောင်းအရာ။ **နိုင်ငံခြားသုံးငွေများ လက်ခံကိုင်ဆောင်ခွင့် လိုင်စင် (Foreign Exchange Acceptor & Holder License)များ ရုပ်သိမ်းကြောင်း အကြောင်းကြားခြင်း**

ရည်ညွှန်းချက်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ (၂၈.၅.၂၀၁၅)ရက်စွဲပါစာအမှတ်၊မဗဘ-၁/၁၁၁ (FEMD)/(၉၀၄/၂၀၁၅)

၁။ နိုင်ငံတော်အတွင်း၌ ရောင်းချ/ဝယ်ယူသည့်ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ အတွက် ကျသင့်ငွေကို နိုင်ငံခြားငွေဖြင့် ရယူ/ပေးချေခြင်းတို့ကြောင့် ပြည်တွင်းတွင် ဒေါ်လာကျယ်ပြန့်စွာအသုံးပြုမှု (Dollarization)ဖြစ်လာခြင်း၊ ဒေါ်လာလိုအပ်ချက် ပမာဏမြင့်မားလာခြင်း၊ ပြည်တွင်းသုံးကျပ်ငွေ၏ အသုံးဝင်မှုအခန်းကဏ္ဍကို လျော့ကျလာခြင်းတို့ကြောင့် နိုင်ငံခြားငွေလဲလှယ်နှုန်း (Exchange Rate) မတည်ငြိမ်မှုကိုဖြစ်လာပြီး နိုင်ငံတော်၏ ငွေရေးကြေးရေးကဏ္ဍမတည်ငြိမ်မှုကိုပါ ဖြစ်ပေါ်စေနိုင်သောကြောင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် မိမိဝန်ကြီးဌာနနှင့်အစိုးရအဖွဲ့ ကွပ်ကဲမှုလက်အောက်ရှိ အဖွဲ့အစည်းများ၊ ဆက်စပ်ဆောင်ရွက်လျက်ရှိသော အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းများနှင့် အဖွဲ့အစည်းများသို့ ပြည်တွင်းသုံးကျပ်ငွေဖြင့်သာ ဆောင်ရွက်သွားရန်အတွက် လိုအပ်သလို ထပ်ဆင့်ညွှန်ကြားပေးနိုင်ရန် ရည်ညွှန်းပါညှိနှိုင်း အကြောင်းကြားစာကို ဖြန့်ဝေခဲ့ပြီးဖြစ်ပါသည်။

၂။ နိုင်ငံတော်အတွင်း ကုန်ပစ္စည်းနှင့်ဝန်ဆောင်ခများအား ပြည်တွင်းသုံးကျပ်ငွေဖြင့်သာ ဆောင်ရွက်သွားရန်ဖြစ်ပြီး ငွေသားကိုင်တွယ်သုံးစွဲမှု လျော့ချနိုင်ရန်အတွက် ပြည်တွင်းသုံး Debit Card / Credit Card များ ၊ Internal Payment Card များနှင့် Online Payment System စာရင်းပြောင်းနည်းများဖြင့်လည်း ပိုမိုသုံးစွဲလာရန်ဖြစ်ပါသည်။ သို့ပါ၍မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနမှ ခွင့်ပြုထုတ်ပေးသော နိုင်ငံခြားသုံးငွေလက်ခံ

ကိုင်ဆောင်ခွင့် လိုင်စင်များ ကိုင်ဆောင်ထားရန် မလိုအပ်တော့ပါသဖြင့် အောက်ဖော်ပြပါ အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းများ အဖွဲ့အစည်းများသို့ ခွင့်ပြုထုတ်ပေးခဲ့သော နိုင်ငံခြားသုံးငွေ လက်ခံကိုင်ဆောင်ခွင့် လိုင်စင်များအား(၁၉.၁၀.၂၀၁၅)နေ့မှ စတင်၍ ရုပ်သိမ်းပါကြောင်းနှင့် (၃၀.၁၁.၂၀၁၅) ရက်နေ့ နောက်ဆုံးထား၍ လိုင်စင်များပြန်လည်အပ်နှံကြပါရန် အသိပေး အကြောင်း ကြားအပ်ပါသည်-

(က) ဟိုတယ်နှင့်ခရီးလှည့်လည်ရေးလုပ်ငန်းများ

(ခ) စားသောက်ဆိုင်များ

(ဂ) Duty Free Shop များ

(ဃ) လေကြောင်းလိုင်းများ

(င) ဆေးရုံများ

(စ) Freight Forwarder များ

(ဆ) ဆက်သွယ်ရေးလုပ်ငန်းများ

(ဇ) အခြားကုမ္ပဏီများ(ဥပမာ-အချိုရည်နှင့်ယမကာ၊အမြန်ချောပို့၊ပိုးသတ်ဆေးဖြန်း၊ Media ၊ Apartment များ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် စသောလုပ်ငန်းများ လုပ်ကိုင်သည့် ကုမ္ပဏီများအားလုံး)

(ဈ) အခြားလုပ်ငန်းများ (ဥပမာ-ယွန်းထည်၊ ပိုးထည်၊ အမှတ်တရပစ္စည်းအရောင်းဆိုင်၊ Super Market များ၊ ဂေါက်သီးကလပ်များ၊ နာရေးကူညီမှုစသည့်လုပ်ငန်းများ လုပ်ကိုင်သည့် လုပ်ငန်းများအားလုံး)

ညွှန်ကြားရေးမှူးချုပ် ( ကိုယ်စား )
( ဝင်းသော် ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် )

မိတ္တူကို

ဥက္ကဋ္ဌရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ဒုတိယဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် } ထံသိသာနိုင်ပါရန်တင်ပြအပ်ပါသည်။

အမြဲတမ်းအတွင်းဝန်၊ ပြည်ထဲရေးဝန်ကြီးဌာန
အမြဲတမ်းအတွင်းဝန်၊ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
အမြဲတမ်းအတွင်းဝန်၊ ပို့ဆောင်ရေးဝန်ကြီးဌာန

အမြဲတမ်းအတွင်းဝန်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အမြဲတမ်းအတွင်းဝန်၊ ကျန်းမာရေးဝန်ကြီးဌာန

အမြဲတမ်းအတွင်းဝန်၊ ဘဏ္ဍာရေးဝန်ကြီးဌာန

အမြဲတမ်းအတွင်းဝန်၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

အမြဲတမ်းအတွင်းဝန်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ညွှန်ကြားရေးမှူးချုပ်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန

ဌာနမှူး၊ စီမံရေးရာဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း

ရုံးလက်ခံ

မျှောစာတွဲ